**ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု မိတ်ဆွေများအဖွဲ့ (ဗီယင်နာ) ထူထောင်သည့် အခမ်းအနားသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက်**

(၂၈-၄-၂၀၂၄၊ ဗီယင်နာ)

ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု မိတ်ဆွေများအဖွဲ့ (ဗီယင်နာ) ထူထောင်သည့် အခမ်းအနားကို ၂၈-၄-၂၀၂၄ ရက်တွင် ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ တရုတ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ကြီးမှူးကျင်းပခဲ့ရာ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းသည် ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ မိတ်ဆွေများအဖွဲ့တွင် ပါဝင်သည့် အခြားအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများနှင့် ထောက်ခံသည့် အဖွဲ့ရုံးများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် တရုတ်အမြဲတမ်းကိုယ်စားလှယ် မစ္စတာလီဆွန်းက ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု မိတ်ဆွေများအဖွဲ့ (ဗီယင်နာ) ဖွဲ့စည်းရသည့် အကြောင်းရင်းနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု မိတ်ဆွေများအဖွဲ့ (ဗီယင်နာ) ထူထောင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင် အဆိုပြုထားသည့် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံနှင့် အခြားသောအစီအမံများဖြစ်သည့် ကမ္ဘာ့လုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာလူ့ယဉ်ကျေးမှု အစီအမံတို့အပေါ် မြန်မာနိုင်ငံ၏ ထောက်ခံမှုကို ထပ်လောင်းအတည်ပြုကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ၏ အဓိကသဘောတရား (၅) ခု ဖြစ်သည့် အချုပ်အခြာအာဏာ တန်းတူညီမျှမှု၊ နိုင်ငံတကာတရားဥပဒေစိုးမိုးရေး၊ နိုင်ငံစုံဝါဒ၊ ပြည်သူများကိုအခြေခံမှုနှင့် လက်တွေ့ကျသော ဆောင်ရွက်ချက်တို့ကို အထူးအလေးထားကြောင်းနှင့် ပိုမိုမျှတပြီး အားလုံးပါဝင်မှုရှိသော ထိရောက်သည့် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုစနစ်တစ်ခုကို ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုမိတ်ဆွေများအဖွဲ့ (ဗီယင်နာ) အဖွဲ့ဝင်များနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

*************

**Myanmar Permanent Representative Attends the Launch Event of the Vienna Chapter of the Group of Friends of Global Governance (GFGG)**

(28-4-2026, Vienna)

Ambassador U Min Thein, Permanent Representative of Myanmar to the United Nations and other International Organizations based in Vienna, attended the Launch Event of the Vienna Chapter of the Group of Friends of Global Governance (GFGG) organized by the Permanent Mission of China at the Vienna International Centre on 28 April 2026, together with Heads and Representatives from Vienna-based United Nations Office and International Organizations as well as other Heads and Representatives from Permanent Missions which joined the GFGG and other supporting Missions.

At the event, Ambassador Li Song, Permanent Representative of China, delivered a keynote speech on the objectives for establishing the Vienna Chapter of the GFGG and outlined future areas of cooperation.

During the event, the Permanent Representative of Myanmar congratulated the Permanent Mission of China on the successful launch of the Vienna Chapter of the GFGG and reaffirmed Myanmar's support for the Global Governance Initiative (GGI) proposed by President Mr. Xi Jinping as well as other initiatives, namely the Global Development Initiative (GDI), the Global Security Initiative (GSI) and the Global Civilization Initiative (GCI). He also expressed that Myanmar attaches great importance to five core concepts of the GGI which are sovereign equality, international rule of law, multilateralism, people-centered approach and real action, and emphasized the readiness of Myanmar to work closely with China and other members of the GFGG in promoting a more balanced, inclusive, and effective global governance system.

************


MYANMAR


itiative:
Collective Action
n Vienna
nna
Global Governance Initiative:
Building Consensus and Advancing Collective Action
through the Group of Friends in Vienna
Permanent Mission of China in Vienna
28 April, 2026
UNOV
UNIDO
CHINA
IAEA


MYANMAR